# မြသန်းတင့်

## တိမ်းရှောင်သူ



အခန်း (၁)

## လောကနိယာမတရား

အို ထာဂရ တိမ်းရှောင်သူ

သင်သည် အရမ်းကာရော ပြေးလွှားဘိ၏ ။

ခန္ဓာကိုယ်မဲ့သော သင်၏

ရေကြီးသုတ်ပျာ နိုင်မတစ်ဝိုက်တွင်

ငြိမ်သက်သော ဟင်းလင်းပြင်သည်

အလင်းရောင် ဝဲဂယက် ပူဖောင်းများ အဖြစ်

ပျာယာခတ်လျက်ရှိ၏ ။

အတိုင်းအဆမရှိသော

အထီးကျန်ဘဝထဲမှာ ခေါ်လျက်ရှိသော ချစ်သူထံတွင်

သင့်နှလုံးသားကို ပေးအပ်ခဲ့ပြီလော။

ထုံးနှောင်ထားသည့် သင့်ဆံနွယ်တို့ သည်

မုန်တိုင်းဆန်သော ဖရိုဖရဲအသွင်သို့ ရောက်ခဲ့ပြီ။

ကြိုးပြတ်သော ဘယက်တစ်လုံးမှ ပြုတ်ထွက်သည့်နှယ်

မီးလျှံပုလဲလုံးတို့ သည် သင့်လမ်းတစ်လျှောက်
ကြိုးပြတ်သော ဘယက်တစ်လုံးမှ ပြုတ်ထွက်သည့်နှယ်
မီးလျှံပုလဲလုံးတို့ သည် သင့်လမ်းတစ်လျှောက်တွင်
တလိမ့်လိမ့် ပြန့်ခဲ့ကြပြီ။
သို့ဖြစ်ခြင်းသည် သင်၏ အဆောတလျင် ဖြစ်မှုကြောင့်လော။

လှစ်ခနဲပြေးသွားသော သင့်ခြေနလှမ်းများ သည်
ဤကမ္ဘာမြေကြီး၏ ဖုန်မှုန့်များကို
ချိုမြအောင် နမ်းရှုပ်သွားကြလေ သလော။
အဖြူန်းအတီး၊ အညစ်အကြေးအားလုံးကို ဘေးဖယ်ထား
ကခုန်နေသော သင့်ကိုယ်လက်အင်္ဂါများကို ဗဟိုပြုထားသည့်
မုန်တိုင်းသည် ဘဝရေပြင်ပေါ်ဝယ်
မရဏမိုးပေါက်တို့ ကို လှုပ်ခါချ၍
ဘဝကို ရှင်သန်စေခဲ့သည် တကား။

ရုတ်တရက် မောပန်း၍ သင်အပြေးရပ်လိုက်လျှင်
ကမ္ဘာကြီးသည် အပျက်အစီးပုံကြီး တစ်ခုဖြစ်သွားတော့အံ့။
အသေးငယ်ဆုံးသော ဖုန်မှုန့်ကလေးသည် ပင်
ပြင်းထန်သော ဖိနှိပ်မှုကြောင့် အဆုံးအစမရှိသော
မိုးကောင်းကင် အာကာကြီးကို ထိုးဖောက်ပျံတက်သွားတော့အံ့။

ငါ့အတွေး များ သည်

မမြင်ရသော သင့်ခြေထောက်များ ၏ နရီစည်းချက်ဖြင့်

လျှင်မြန်သွက်လက်လျက်ရှိကြ၏ ။ ထိုခြေထောက်တွင်

အလင်းရောင် ခြေကျင်းတို့ သည် လှုပ်ယမ်းလျက် ရှိကြကုန်၏ ။

ထိုခြေကျင်းတို့ သည် ငါ့နှလုံးသား၏ သွေးခုန်နှုန်းထဲတွင်

ပဲ့တင်ထပ်လျက် ရှိကြကုန်၏ ။ အိုမင်းသော ပင်လယ်၏

ဓမ္မတေးသီချင်းတို့ သည် ငါ့သွေးထဲတွင်

နိမ့်မြင့် ထကြွလျက် ရှိကြကုန်၏ ။

ငါ့ဘဂဝါး

ကမ္ဘာတစ်ခုမှ ကမ္ဘာတစ်ခုသို့

ဘုံတစ်ခုမှ ဘုံတစ်ခုသို့ ပို့ဆောင်ပေးနေသည့်

မိုးကြိုးထစ်သကဲ့သို့သော ဒီရေတက်သံတို့ ကို

ငါကြားရ၏ ။

ထိုဒီရေသည် ငါ၏ အတ္တအား

အဆုံးမရှိသော ရေပန်းရေမွှား လက်ဆောင်များ အဖြစ်သို့

ဖြန့်ကြဲပေးစေလျက်ရှိ၏ ။ သောကနှင့်

တေးသီချင်းများ အဖြစ်သို့ ပြောင်းလဲပေးလျက်ရှိ၏ ။

ဒီရေသည် မြင့်တက်လာခဲ့ပြီ။
လေသည် ပြင်းထန်စွာတိုက်ခတ်လာခဲ့ပြီ။
အို ငါ့နှလုံးသား။ သင်၏ ဆန္ဒကဲ့သို့ပင်
လှေငယ်သည် လှုပ်ယမ်းလျက်ရှိပါ၏ ။

ကုန်စည်တို့ ကို ကမ်းတွင် ထားရစ်ကာ
အတိုင်းအဆမရှိသော ကမ်းတွင် ထားရစ်ကာ
အတိုင်းအဆမရှိသော အမှောင်ကို ဖြတ်သန်း၍
အတိုင်းအဆမရှိသော အလင်းရှိရာသို့
ရွက်လွှင့်လေတော့၏ ။

* * *

အခန်း (၂)

## ချစ်သူ့တိုင်းပြည်

မှောင်စပျိုးပေ့ါ

ဘယ်လိုထူးဆန်းတဲ့ တိုင်းပြည်မျိုးကို

ကိုယ်ရောက်နေတာလဲကွယ်လို့

ငါ မေးမိတယ်။

ဒီတော့ ..သူက မျက်လွှာချပြီး ထွက်သွားတယ်။

သူ့ရေအိုးပွဲ့ လည်ပင်းထဲက ရေက

ဂလောက် ဂလောက်မြည်သံကို ပြုပြီး

ပလုတ်ကျင်း လို့ ။

ကမ်းပေါ်မှာ သစ်ပင်တွေကို ဝိုးတိုးဝါးတား။

ကြည့်ရတဲ့ သူက အတိတ်က ရှုခင်းတစ်ခုကို

ကြည့်နေရသလိုပဲ။

ရေပြင်ကလဲ ဆွံ့အလို့ ။

ဝါးပင်တွေကလည်း

ငြိမ်သက်စွာ မည်းမှောင်လို့ ။

ဟိုလမ်းကြားလေးဆီက ရေအိုးနှုတ်ခမ်းကို

လက်ကောက်နဲ့ ထိသံ တချွင်ချွင်ပေါ်လာတယ်။

သစ်ပင်မှာ ပဲ ချည်ပေတော့။

ဆိပ်ကမ်းကို ကြည့်ရတာ က သဘောကျစရာ။

သောကြာကြယ်က

ဘုရားဝတ်ကျောင်း ပြသာဒ်နောက်ကို

လျှောကျသွားပြီ။

ရေဆိပ်ကို ဆင်းတဲ့ ကျောက်ဖြူလှေကားရဲ့ အရောင်က

မည်းမှောင်တဲ့ ရေပြင်ကို ခြောက်လှန့်လို့ နေတယ်။

နောက်ကျပြီး ရောက်လာတဲ့ ခရီးသည် တွေက

သက်ပြင်းချကြတယ်။

ကန့်လန့်ကာဖုံးထားတဲ့ ပြတင်းပေါက်တွေမှာ

အလင်းရောင်ဟာ

သစ်ရွက်တွေ ပြန့်ကျဲနေတဲ့

လမ်းဘေးက

သစ်ပင်ရိပ်နဲ့ ချုံရိပ်တွေကြောင့်

အမှောင်ထဲမှာ

အစိတ်အစိတ် အမြွှာမြွှာဖြစ်သွားကြတယ်။

ဝေးသွားတဲ့ ခြေသံတွေနဲ့ ရေအိုးနှုတ်ခမ်းကို

လက်ကောက်နဲ့ ထိသံကို

ခုထိ ခပ်သဲ့သဲ့ကြားနေရသေးတယ်။

ညက တဖြည်းဖြည်း နက်ရှိုင်းလို့ လာနေပြီလေ။

နန်းတော်ဘုံထွတ် ဘုံဆောင်တွေက

တစ္ဆေကြီးတွေလို

ကောင်းကင်မှာ မိုးနေကြတယ်။

မြို့ကပင်ပန်း နွမ်းနယ်စွာနဲ့

အုတ်ကျိုးကျိုးမြည်လို့ ။

လှေကို ဆက်ပြီး မလှော်ပါနဲ့ တော့

သစ်ပင်တစ်ပင်မှာ ချည်ထားလိုက်ပါတော့။

ကြယ်ပွင့်တွေအောက်မှာ

ဖျော့တော့စွာ ချည်ထားလိုက်ပါတော့

ကြယ်ပွင့်တွေအောက်မှာ

ဖျော့တော့စွာ လဲလျောင်းနေတဲ့

ထူးဆန်းတဲ့ ဒီတိုင်းပြည်မှာ နားနေပါရစေတော့။

အဲဒီ မှာ အမှောင်ထုက

ရေအိုးနှုတ်ခမ်းကို ထိနေတဲ့

လက်ကောက်သံ တချွင်ချွင်နဲ့

ရောသွားတယ်လေ။ ။

* * *

အခန်း (၃)

## လျှို့ဝှက်ချက်

နွေတိမ်တိုက်တွေထဲက မရွာသေးတဲ့ မိုးစက်များ လို
ငါ့မှာ လျှို့ဝှက်ချက်တစ်ခု များ ရှိခဲ့ရင်

တိတ်ဆိတ်မှုထဲမှာ ထိုးသိပ်ထည့်ထားတဲ့
လျှို့ဝှက်မှု တစ်ခုများ ရှိခဲ့ရင်

ပြီးတော့ နေရောင်ရဲ့ အောက် သစ်ပင်တွေကို
ဖြည်းညင်းတဲ့ ရေက
တဖျပ်ဖျပ် ပုတ်ကစားရာ
နေရာကလေးမှာ
သည် စကားတွေကို တီးတိုးပြောနေရမယ့် သူများ ရှိခဲ့ရင်

ငါ ဒီလျှို့ဝှက်ချက်ကို ဘယ်လိုနေရာကိုပဲဖြစ်ဖြစ်
ဆောင်ယူသွားနိုင်ပါရဲ့ ။

ဒီညနေ တိတ်ဆိတ်မှုက ခြေသံတစ်ခုကို
မျှော်လင့်သယောင်ယောင်။

ကိုယ့်မျက်ရည်တွေ ဘာကြောင့် ကျရသလဲလို့
မင်းကမေးတယ်။
ကိုယ် ဘာကြောင့် ငိုမိတယ်ဆိုတာကို
မင့်ကို ပြောမပြတတ်ဘူးကွယ်။

ဒါဟာလဲ ကိုယ့်ကို ခုထိလျှို့ဝှက်ထားတဲ့
လျှို့ဝှက်ချက် တစ်ခုပါ။

* * *

အခန်း (၄)

## နှင်းစက်၏ မှာ တမ်း

အိုး ပန်းပွင့်ငယ်

ငါသည် သင့်အဖို့ ညနှင့်အတူ၏ ။

ငါသည် သင့်အား ငြိမ်းချမ်းမှုနှင့်

အမှောင်ထဲတွင် ပုက်ထားသော

နိုးကြားသည့် တိတ်ဆိတ်မှုကိုသာ ပေးနိုင်စွမ်း၏ ။

မနက်လင်း၍ သင့်မျက်လုံးကို ဖွင့်လိုက်သောအခါတွင်

ငါသည် သင့်အား

ပျားတို့ တဂီဂီမြည်နေသည့် ကမ္ဘာကြီး

ငှက်တို့ ၏ တေးသီတို့ ဖြင့်

ပြည့်နေသည့် ကမ္ဘာကြီးနှင့်အတူ

ထားရစ်ခဲ့တော့အံ့။

ငါ့လက်ဆောင်သည် လည်း

သင့်ပျို့ရွယ်မှုဖြင့်

အနက်ရှိုင်းထဲတွင် ကျဆင်းသွားခဲ့သည် ။

မျက်ရည်တစ်ပေါက်သာ ဖြစ်တော့အံ့။

ထိုမျက်ရည်ပေါက်တို့ သည်

သင့်အပြုံးကို ပို၍ ချိုမြိန်စေလိမ့်မည်။

နေ့၏ အကြင်နာကင်းသော ပျော်ရွှင်မှုကို

သင် မမြင်ရလေအောင်

နှင်းမြူသဖွယ် ပိတ်ကာဆီးပေလိမ့်မည်။

* * *

အခန်း (၅)

## ခေတ်ပြိုင် ကဗျာဆရာ

ဘုရင့်စာဆိုတော်ကြီး ကာလီဒါသ နေရာ

ဥဇ္ဇေနီပြည်ကြီးမှာ ငါနေခဲ့ရရင်

မာလဂ သတို့ သမီးငယ်တစ်ယောက်ကို ငါ သိချင်လိုက်တာ။

ပြီးတော့ ငါ့အတွေးတွေကို

သူ့အမည်ရဲ့ ဂီတနဲ့ ဖြည့်ထားချင်လိုက်တာ။

သတို့ သမီးဟာ မျက်ဝန်းနက်နက်တွေနဲ့

ငါ့ကိုလှမ်းကြည့်မှာ ပဲ။

သူ့ ပဝါစံပယ်ပွင့်တွေကြားထဲမှာ

ကျချင်ယောင်ဆောင်ပြီး

ငါ့အနားမှာ ရစ်ဝဲရစ်ဝဲ လုပ်နေမှာ ပဲ။

သည် အဖြစ်မျိုးဟာ

ဟိုအတိတ်တုန်းက ဖြစ်ခဲ့ဖူးတယ်လေ။

ခုတော့ ဒီအဖြစ်အပျက်ရဲ့

ခြေရာကလေးတွေဟာ

အချိန်ရဲ့ ရော်ရွက်တွေအောက်မှာ

ပျောက်ခဲ့ကြပေါ့။

သုခမိန်တွေဟာ

အဲဒီ ဇာတ်လမ်းလေးရဲ့

တူပုန်းတမ်းကစားနေတဲ့ ခုနစ်သင်္ကာရာဇ်တွေကို

သည် နေ့အထိ ငြင်းခုံနေကြတယ်။

ငါကတော့..

ပျံ့သန်းပျောက်ကွယ်သွားတဲ့ ခေတ်တွေကို

အိပ်မက်မက်ရင်း

ငါ့ အသည်းနှလုံးကို အကွဲမခံပါဘူး။

အလို .. ဒါပေမဲ့

အဒီ မာလဂသတို့ သမီးငယ်တွေဟာလဲ

အဲဒီ ခေတ်တွေနောက်ကို

လိုက်သွားကြပါပေါ့လား။

ဘုရင့်စာဆိုတော်ကြီးရဲ့ စာတွေကို

ကလိထိုးတဲ့ အဲဒီ ခေတ်တုန်းက

သတို့ သမီးငယ်ကလေးတွေဟာ

သူတို့ ရဲ့ ပန်းခြင်းတောင်းတွေကို

ဘယ်နိဗ္ဗာန်ဘုံဆီကိုများ

ယူဆောင်သွားလေမလဲလို့

ငါ စဉ်းစားမိတယ်။

ဒီနေ့ မနက်ကျတော့

ငါ အတွေး နောက်ကျလို့

မတွေ့လိုက်ရတဲ့ သူတွေနဲ့

ကွဲကွာရလေခြင်းလို့ တွေးမိပြီး

ငါ့ရင်ဟာ လေးနေတယ်။

ငါ့နှလုံးသားဟာလဲ

မရှင်နိုင်ဘဲ ဖြစ်နေတယ်။

ဒါပေမဲ့ တန်ခူးလဟာ

ဟိုတုန်းက သတို့ သမီးငယ်တွေ

သူတို့ ခေါင်းမှာ ပန်လေ့ရှိကြတဲ့

ပန်းပွင့်တွေကို ယူ လာပြီလေ။

ပြီးတော့ ဟိုတုန်းက

သူတို့ မျက်နှာဖုံး ပဝါတွေကို လှစ်ခဲ့တဲ့

တောင်လေညင်းဟာလဲ

ခုတို့ ခေတ် နှင်းဆီပန်းတွေကို

တီးတိုးစကား ပြောနေပြီလေ။

အမှန်ပြောရမယ် ဆိုရင်တော့

ကာလီဒါသရဲ့ လက်ာတွေကို

မသိတော့ပေမယ့်လဲ

ဒီနွေဦးမှာ ပျော်စရာတွေ

မကင်းခဲ့သေးပါဘူး။

တကယ်လို့ သာ

ကာလီဒါသ စာဆိုတို့ ရဲ့

ဘုံဗိမာန်နန်းက

ငါ့ကို စောင့်ကြည့်နေမယ်ဆိုရင်

ငါ့ကို မနာလိုဝန်တိုဖြစ်မယ်ဆိုတာ

ငါ သိပါတယ်။

* * *

အခန်း (၆)

## နှလုံးသားသို့ အားပေးချက်

အို ငါ့နှလုံးသား၊

သူမ၏ အသည်းအတွက် စိုးရိမ်ပူပန်ခြင်း မဖြစ်လေနှင့်။

အမှောင်ထဲတွင် ထားခဲ့လော့။

သူအလှကို ကိုယ်ဟန်မှသာဖြစ်၍

သူ့အပြုံးသည် မျက်နှာတွင် မှသာ ဖြစ်သည့်တိုင်

ဘာအရေးကြီးသနည်း။

သူ့အကြည့်များ ၏

ရိုးသားသော အဓိပ္ပာယ်များကို

သံသယမရှိ ခံယူလျက်

ပျော်ရွှင်စွာ နေလေတော့။

သူ့လက်မောင်းတို့ ငါကိုရစ်ပတ်သည့် အခါတွင်

ထိုလက်မောင်းတို့ သည် မာယာ၏

ပင့်ကူမျှင်များ ဖြစ်သည့်တိုင် ငါ မမှု။

အကြောင်းမူ ထိုပင့်ကူမျှင်တို့ သည်
အဖိုးတန်၍ ရှားပါးသောကြောင့် ဖြစ်၏ ။
ငါသည် လိမ်လည်မှုကို ပြုး၍ မေ့ပျောက်ပစ်နိုင်ပါ၏ ။

အို ငါ့နှလုံးသား
သူမအသည်းနှလုံးအတွက် စိုးရိမ်ပူပန်ခြင်း မဖြစ်လေနှင့်။
စာသားတို့ သည် ယုံကြည်ဖွယ် မကောင်းသည့်တိုင်
ဂီတသည် အမှန်ဖြစ်ပါက ကျေနပ်ပါတော့။
အောက်တွင် မည်သို့ရှိစေ
ရေမျက်နှာပြင်ကို လိမ်လည်ကာ
လှိုင်းလုံးတို့ ပေါ်တွင် ကခုန်ကြသည့် ပန်းကဲ့သို့
ကခုန်နေသော အလှဖြစ်သည် ကို ခံစားပါလော့။

* * *